# အဇာတသတ္တု၏သား သုဗာဟုမင်း

Tāranātha (1575–1634 A.D.),

*History of Buddhism in India*, p. 26-28

အရှင်ကေလာသသ၊ ဓမ္မာစရိယ၊ B.A. (Philo.) M.A. (Buddhism) မြန်မာပြန်သည်

အဇာတသတ္တုမင်း ကွယ်လွန်ပြီးနောက် အဇာတသတ္တု၏ သားတော် သုဗာဟု မင်းသားသည် ထီးနန်းအမွေကို ဆက်ခံလျက် ဗုဒ္ဓသာသနာအား ဆယ့်ခုနစ် နှစ်ကြာ[၁] ပူဇော်ဆည်းကပ်၏။ ထိုအချိန်၌ အရိယ သာဏဝါသိက မထေရ်သည် နှစ်ကာလ အတန်ကြာ သာသနာတော်ကို စောင့်ရှောက်၏။ သို့ရာတွင် ဤအချိန်အတွင်း၌ အဓိကအားဖြင့် အရိယ မဇ္ဈန္တိက မထေရ်သည် ဗာရာဏသီမြို့၌ သီတင်းသုံးပြီး ပရိသတ်လေးပါးအား အာဂမ (ဗုဒ္ဓတရားတော်များ)ကို ပို့ချလျက် ဥပါသကာများ ဗြဟ္မဏများအား တရားဒေသနာ ဟောကြားတော်မူ၏။

တစ်ခါသော် ဗာရာဏသီ မြို့သူမြို့သားနှင့် ဗြဟ္မဏ များစွာတို့သည် ဆွမ်းခံ လှည့်လည်နေကြသော ရဟန်းတော်များကြောင့် စိတ်မချမ်းသာ ဖြစ်၏။ ယင်းတို့က ရဟန်းတော်များအား ‘ဆွမ်းရနိုင်သော အခြား အရပ်ဒေသ မရှိပါလော။ ဗာရာဏသီမြို့သည်သာလျှင် လှူဒါန်း ပေးကမ်းမည့်သူ ရှိပါသလော။ အကယ်၍ တပည့်တော်တို့က အရှင်ဘုရားတို့အား ကျွေးမွေးလျှင် အရှင်ဘုရားတို့ကလည်း တပည့်တော်တို့အား တစ်ခုခု အပြန်အလှန်အားဖြင့် ပေးကမ်းရန် တာဝန်ရှိသည် မဟုတ်လော’ဟု ဆိုကြ၏။

ထိုသို့ ပြောဆိုသံကို ကြားရခြင်း၌ အရိယ မဇ္ဈမန္တိက မထေရ်သည် နောက်ပါ ရဟန္တာ တစ်သောင်းနှင့်အတူ ကောင်းကင် ခရီးဖြင့် မြောက်ဘက်ရှိ ဉသီရတောင်သို့[၂] ကြွတော်မူ၏။ ယင်း၌ အဇအမည်ရှိ ဥပါသကာသည် စတုဒိသာ သံဃာတော်များအတွက် (နေရာထိုင်ခင်း) စီစဉ်ပြီး တစ်နှစ်တာ ပြုစုစောင့်ရှောက်၏။ ရဟန္တာပေါင်း လေးသောင်း လေးထောင်သည် ထိုအရပ်၌ စည်းဝေးကြ၏။ ထို့ကြောင့် မြောက်ပိုင်းဒေသ၌ ဗုဒ္ဓသာသနာတော်သည် များစွာ ပြန့်ပွား၏။

ဤသို့ဖြင့် အရှင်မဇ္ဈန္တိက မထေရ်သည် ဉသီရအရပ်၌ သုံးနှစ်ကြာ သာသနာ ပြုတော်မူ၏။

ထိုအချိန်၌ အရိယ သာဏဝါသိက မထေရ်သည် သာဝတ္ထိမြို့၌ သီတင်းသုံးတော်မူ၏။ ပရိသတ်လေးပါးအား အရှင်မြတ် ဟောကြားသော တရားဒေသနာကြောင့် ရဟန္တာအဖြစ်သို့ ရောက်သူများမှာ တစ်ထောင်နီးပါးမျှ ရှိ၏။

ရှေးယခင် အဇာတသတ္တု အုပ်ချုပ်စဉ်အတွင်း မွေးရာပါ ဗြဟ္မဏ ဖြစ်သော်လည်း အလွန့်အလွန် ကြမ်းတမ်း ကောက်ကျစ်ပြီး အပြစ်ရှိလျက် အစားအစာ၏ စင်ကြယ်ခြင်း မစင်ကြယ်ခြင်းအတွက် ခွဲခြားခြင်း မရှိသည့် ပုဏ္ဏားနှစ်ယောက် ရှိ၏။ ၎င်းတို့သည် ၎င်းတို့သည် တိရိစ္ဆာန် မျိုးစုံကို သတ်ဖြတ်ကြ၏။ ၎င်းတို့မှာ ပဏ (Paṇa) နှင့် နဝ (Nava)ဟု အမည်ရှိကြ၏။

၎င်းတို့သည် အိမ်အချို့၌ ခိုးမှုကို ကျူးလွန်ကြသဖြင့် ဘုရင်၏ ပြစ်ဒဏ်ပေးခြင်းကို ခံရ၏။ ယင်း(ပြစ်ဒဏ်)သည် ထိုပုဏ္ဏားနှစ်ယောက်တို့၏ ဒေါသကို ခေါင်ခိုက်စေ၏။ သို့ဖြင့် ၎င်းတို့သည် များစွာသော ရဟန္တာ အရှင်မြတ်များအား နေ့ဆွမ်း ဆက်ကပ် လှူဒါန်းပြီး ‘ဤကုသိုလ်ကြောင့် ကျွန်ုပ်တို့သည် ယက္ခများအဖြစ် ပြန်မွေးဖွားလျက် မဂဓဘုရင်နှင့် တိုင်းသူ ပြည်သားများအား လုယက်နိုင်ပါစေ’ဟု ဆုတောင်း၏။

ကာလ အတန်ကြာပြီးနောက် ယင်းတို့ နှစ်ဦးသည် ကပ်ဘေးရောဂါကြောင့် ရုတ်တရက် သေဆုံးသွားလျက် ဘီလူးများအဖြစ် မွေးဖွားကြ၏။ သုဗာဟုဘုရင် နန်းစံ ခုနစ်နှစ် သို့မဟုတ် ရှစ်နှစ်မြောက်တွင် ၎င်းတို့သည် စွမ်းအင် ကြီးမားသော ယက္ခများ ဖြစ်လာကြပြီး ကြောက်မက်ဖွယ် ကပ်ဘေးရောဂါကို မဂဓနိုင်ငံအတွင်း ပြန့်နှံ့စေကြ၏။ လူပေါင်း များစွာနှင့် ကျွဲနွား များစွာတို့ သေဆုံးသွားကြသော်လည်း ထိုရောဂါ ဆိုးကား ငြိမ်းမသွားပေ။

နက္ခတ္တဗေဒ ပညာရှင်များသည် ယင်းကပ်ဘေးရောဂါ ဖြစ်ရခြင်း၏ အကြောင်းရင်းကို သိသောအခါ မဂဓတိုင်းသူ ပြည်သားတို့သည် သာဝတ္ထိမြို့မှ အရှင်သာဏဝါသိကအား ဖိတ်ကြားကြသဖြင့် အရှင်သာဏဝါသိကသည် ထိုယက္ခနှစ်ယောက်ကို တန်ခိုးဖြင့် နှိမ်နင်း၏။

အရှင်သာဏဝါသိကသည် ဂုရဝ(Gurva) တောင်ကုန်းသို့[၃] ကြွတော်မူလျက် ထိုယက္ခနှစ်ယောက် နေထိုင်သော ဂူအတွင်း၌ သီတင်းသုံး၏။ ထိုအချိန်၌ ၎င်းတို့သည် အခြားယက္ခများထံ သွားနေကြပြီး မိတ်ဆွေယက္ခ တစ်ယောက်က (၎င်းတို့အား) အလည်အပတ် ခေါ်၏။

ပြန်ရောက်လာခြင်း၌ ၎င်းတို့သည် ကြောက်ဖွယ် ဒေါသဖြင့် လိုဏ်ဂူတည်ဆောက်သော ကျောက် တုံးများကို ကြိတ်ချေကြ၏။ သို့တစေ အခြားဂူတစ်ခု ပေါ်လောက်လာပြီး အရိယ သာဏဝါသိကအား ထိုဂူထဲ၌ ထိုင်လျက် ဖူးတွေ့ရ၏။ ယင်းသို့ သုံးကြိမ် ဖြစ်ပျက်၏။ ယင်းနောက် ထိုယက္ခတို့သည် လိုဏ်ဂူအား မီးလျှို့ကြ၏။ သို့ရာတွင် အရှင်မြတ်က ပိုမို ပြင်းထန်သည့် မီးလျှံဖြင့် အရပ်ဆယ်မျက်နှာကို ဖုံးလွှမ်းစေ၏။ ယက္ခတို့သည် လွတ်မြောက်ရန် တိတ်တဆိတ် ထွက်ပြေးကြ၏။ သို့ရာတွင် နေရာတိုင်း၌ မီးလျှံများ ရှိနေ ခြင်းကြောင့် ၎င်းတို့ ပြေးရန် လမ်းပေါက် မရှိချေ။ ယင်းတို့ နှစ်ယောက်သည် အရှင်သာဏဝါသိကအား အရှုံးပေးကြသဖြင့် မီးလျှံတို့လည်း ငြိမ်းကုန်၏။ ယင်းနောက် အရှင်သာဏဝါသိကသည် ၎င်းတို့အား တရားဒေသနာ ဟောကြား၏။ ယင်းတို့သည် ဗုဒ္ဓသာသနာအား များစွာ ကြည်ညိုလျက် သရဏဂုံနှင့် ငါးပါးသီလ ခံယူကြ၏။ ယင်းနောက် များမကြာမီ ကပ်ဘေးရောဂါလည်း ကင်းငြိမ်းသွား၏။

ထောင်ပေါင်း များစွာသော ဗြဟ္မဏများ အိမ်သူ အိမ်သားများသည် အရှင်သာဏဝါသိက၏ ယင်းသို့သော အံ့သြဖွယ် တန်ခိုးစွမ်းအင်ကို ဖူးတွေ့ကြရ၏။

---

၁ အချို့တိဗက် မှတ်တမ်းများ၌ ဆယ်နှစ်ဟုလည်း ပြဆို၏။

၂ ဝိနယ (တိဗက်ကျမ်း)၌ ဗုဒ္ဓရှင်တော်မြတ်သည် ပရိနိဗ္ဗာန်စံတော်မမူမီ အရှင်အာနန္ဒာအား ရောဟိတက (အရပ်)၌ ထားခဲ့ပြီး ကိုယ်တော်တိုင်မူ ဝဇိရပါဏိနှင့်အတူ မြောက်ဘက်သို့ ကြွတော်မူ၏။ အဝေးတစ်နေရာ၌ ဗုဒ္ဓရှင်တော်မြတ် ပထမဆုံး မြင်တွေ့ရ သောအရာမှာ ဥသီရတောင် ဖြစ်၏။ ဗုဒ္ဓရှင်တော်မြတ်သည် ကိုယ်တော်မြတ် မရှိသည့်နောက် နှစ်ပေါင်း တစ်ရာအကြာတွင် ဤတောင်ရှိ တာမသအမည်ရှိ တောအုပ်၌ ဘာသာတရား ကိုင်းရှိုင်းကြသည့် ထိုအရပ်ဒေသမှ လူအများအတွက် အရေန (အရိယာပုဂ္ဂိုလ်) တစ်ယောက် ရှိလိမ့်မည်ဟု ဗျာဒိတ်စကား မြွက်ဆိုတော်မူခဲ့၏။ တရုတ်ရဟန်းတော် ဟူယင်ဆန်လည်း တေဟိမပိုတိနိုင်ငံရှိ ဆိတ်ငြိမ်သော တာမသဝန အကြောင်းကို ဖော်ပြ၏ (Watters ii. 308 ; Bu-ston ii. 109. )။

၃ ကုက္ကုဋပါဒဟုလည်း ခေါ်သော ဂရုပါဒ။ Watters ii. p. 143. ကိုရှု။